V1

FREELANCER GUIDE

# WELLDONE



MAKE MONEY & GROW YOUR BUSINESS

# မာတိကာ


၄ မင်္ဂလာပါ

၅ ဘာလို့ ရွေးချယ်သင့်တာလဲ

၆ လူတိုင်း သုံးလို့ရလား

၇ ဘယ်လို ဝင်ငွေရှာလဲ

၈ ဘယ်လိုလျှောက်ရမလဲ

၉ ကိုယ်ပိုင်စာမျက်နှာ တည်ဆောက်ခြင်း

၁၀ ကိုယ်ပိုင်စာမျက်နှာ

၁၁ ဝန်ဆောင်မှု တည်ဆောက်ခြင်း

၁၂ ဝန်ဆောင်မှု

၁၄ အလုပ်လက်ခံ ရရှိခြင်း

၁၅ အလုပ်ကမ်းလှမ်းခြင်း

၁၆ အောက်မြင်မှု ရရှိရန်

၁၇ အကူအညီ ရယူရန်

# မင်္ဂလာပါ

Welldone ဆိုတာ ပြည်တွင်းရှိ Freelancer များနှင့် လုပ်ငန်းရှင်များ အလွယ်တကူ ဆက်သွယ်ပြီး လုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ရည်ရွယ်ထားသော web platform တစ်ခုဖြစ်ပါတယ်။

# ဘာလို့ရွေးချယ်သင့်တာလဲ

Client များစွာမှ သင့်ရဲ့ ဝန်ဆောင်မှုကို အလွယ်တကူ ရှာဖွေနိုင်ပြီး လုပ်ငန်းများ အပ်နှံနိုင်သောကြောင့် ဝင်ငွေ ပိုမိုရရှိ နိုင်ခြင်း

---

Welldone သည် အသုံးပြုရ လွယ်ကူပြီး သင့်စိတ်ကြိုက် ဝန်ဆောင်မှုများ အလွယ်တကူ ဖန်တီးနိုင်ခြင်း၊ သင့်စိတ်ကြိုက် ဈေးနှုန်းများ သတ်မှတ်နိုင်ခြင်း

---

Project များကို ကိုယ်တိုင် ရှာဖွေစရာမလိုပဲ လုပ်ငန်းရှင်များမှ သင့် service ကိုရှာဖွေ၍ တိုက်ရိုက် အလုပ်အပ်နှံနိုင်ခြင်း

---

Project များကို ကိုယ်တိုင် ရှာဖွေစရာမလိုပဲ လုပ်ငန်းရှင်များမှ သင့် service ကိုရှာဖွေ၍ တိုက်ရိုက် အလုပ်အပ်နှံနိုင်ခြင်း

---

Payment ကိစ္စအတွက် Welldone မှ တာဝန်ယူထားသောကြောင့် အလုပ်ပြီးမြောက်သည်နှင့် Payment ရရှိနိုင်ခြင်း

# လူတိုင်းသုံးလို့ရလား

Welldone မှာ မြန်မာ နိုင်ငံသား မည်သူမဆို Freelancer အဖြစ်လျှောက်ထား လုပ်ကိုင်နိုင်ပါတယ်။ အောက်ဖော်ပြပါ ပုံစံ (၂) မျိုးဖြင့် ဝန်ဆောင်မှုများ ပေးနိုင်ပါတယ်။

| | |
|---|---|
| **Freelancer** | Freelancer အဖြစ် ဝန်ဆောင်မှုများ ဖန်တီးပြီး တစ်ဦးတစ်ယောက်ထဲ ရပ်တည် နိုင်ပါတယ် |
| **Team** | Agency သို့မဟုတ် အသင်းအဖွဲ့အဖြစ် ဝန်ဆောင်မှုများ ဖန်တီးပြီး ရပ်တည် နိုင်ပါတယ် |

# ဘယ်လိုဝင်ငွေရှာလဲ

Welldone မှာ ပြီးမြောက်သွားတဲ့ လုပ်ငန်းတိုင်းအတွက် platform အသုံးပြုခ အနေဖြင့် freelancer level အလိုက် ရာခိုင်နှုန်းများ ရယူခြင်းဖြင့် ဝန်ငွေရှာပါတယ်။

ရရှိလာသော ဝင်ငွေများမှ ပိုမိုကောင်းမွန်သော platform ဖြစ်လာဖို့အတွက် အသစ်တိုးချဲ့မှုများနှင့် marketing ဆိုင်ရာ လုပ်ငန်းများအတွက် ပြန်လည် အသုံးပြုပါတယ်။

| |
|---|
| Freelancer Level 1 = Welldone ပေါ်မှ ပြီးမြောက်သော လုပ်ငန်းများ၏ ဝင်ငွေမှ ၁၀% |
| Freelancer Level 2 = Welldone ပေါ်မှ ပြီးမြောက်သော လုပ်ငန်းများ၏ ဝင်ငွေမှ ၂၀% |
| Freelancer Level 3 = Welldone ပေါ်မှ ပြီးမြောက်သော လုပ်ငန်းများ၏ ဝင်ငွေမှ ၃၀% |

# ဘယ်လိုလျှောက်ရမလဲ

အဆင့် (၄) ဆင့်ထဲနဲ့ Freelancer အဖြစ် အလွယ်တကူ လျှောက်ထားနိုင်ပါတယ်။ Freelancer အဖြစ် လျှောက်ထားပြီး သည်နှင့် ဝန်ဆောင်မှုများကို စိတ်ကြိုက် ဖန်တီးနိုင်ပါတယ်။

၁

**မှတ်ပုံတင်ခြင်း**

Email account တစ်ခုရှိရုံဖြင့် အလွယ်တကူ မှတ်ပုံတင်ခြင်းကို ပြုလုပ်နိုင်ပါတယ်။

---

၂

**Freelancer အဖြစ်လျှောက်ထားခြင်း**

မှတ်ပုံတင်ခြင်း ပြုလုပ်ပြီးပါက apply as freelancer ကို ရွေးချယ်ပြီး freelancer အဖြစ်လျှောက်ထား နိုင်ပါတယ်။

---

၃

**အထောက်အထားပြခြင်း**

မြန်မာနိုင်ငံသား ဖြစ်ကြောင်းနဲ့ ဝင်ငွေများကို withdraw ပြုလုပ်တဲ့ အခါမှာ လိုအပ်နိုင်တဲ့အတွက် သင့် မှတ်ပုံတင်ကို scan ပြုလုပ်ပြီး ပေးပို့ဖို့ လိုအပ်ပါတယ်။

---

၄

**Payment ရွေးချယ်ခြင်း**

ဝင်ငွေများကို withdraw ပြုလုပ်သောအခါ လက်ခံ ရယူမယ့် bank နဲ့ ပါတ်သတ်တဲ့ အချက်အလက်များကို ဖြည့်သွင်းပေးရပါမယ်။

Freelancer အဖြစ် လျှောက်ထားခြင်းကို Welldone team မှ လူကိုယ်တိုင် စီစစ်ခြင်း ဖြစ်သည့်အတွက် ၄၈ နာရီအတွင်း အတည်ပြုခြင်း သို့မဟုတ် ပယ်ဖြတ်ခြင်းကို ပြုလုပ်ပေးပါမည်။

# ကိုယ်ပိုင်စာမျက်နှာတည်ဆောက်ခြင်း

သပ်ရပ်ပြီး ရှင်းလင်းတဲ့ profile တွေ service တွေဟာ welldone platform ပေါ်မှာ project တွေပိုရဖို့ အခွင့်အရေး ပိုများပါတယ်။

သင့်ရဲ့ profile ကို welldone ရဲ့ setting / account setting မှာ update ပြုလုပ်နိုင်ပါတယ်။


အခြား personal infomation တွေဖြစ်တဲ့ profession, about, gender နဲ့ profile picture တွေကိုလဲ review လုပ်ပြီး လိုအပ်ပါက update ပြုလုပ်ပေးပါ။ Client က welldone ကို တိုက်ရိုက်ဆက်သွယ်ပြီး freelancer list သို့မဟုတ် service list တောင်းတဲ့ အခါ profession, about နဲ့ profile picture တွေကိုကြည့်ပြီး client တောင်းဆိုမှုနဲ့ ကိုက်ညီမှု ရှိမရှိကို ဆုံးဖြတ်ပေးပါတယ်။ မြန်မာဘာသာ စကားနဲ့ ဖြည့်သွင်းလိုတဲ့ အခါ unicode ကိုပဲ အသုံးပြုလို့ရမှာ ဖြစ်ပါတယ်။

Password ကိုလဲ စိတ်ချပြီး လုံခြုံတဲ့ password ပေးထားဖို့ လိုအပ်ပါတယ်။ အနည်းဆုံး ၈ လုံးနဲ့ cap, small, number နဲ့ symbols တွေပါတဲ့ password ဖြစ်ဖို့လိုအပ်ပါတယ်။ ဖြစ်နိုင်ပါက Two-Factor Authentication on ထားဖို့လဲ တိုက်တွန်းချင်ပါတယ်။

သင့်ရဲ့ password ကို welldone platform ရဲ့ setting / change password မှာ update ပြုလုပ်နိုင်ပါတယ်။

Two-Factor Authentication အတွက် welldone platform ရဲ့ setting / security checkup မှာ update ပြုလုပ်နိုင်ပါတယ်။

# ကိုယ်ပိုင်စာမျက်နှာ




Freelancer အဖြစ် အတည်ပြုမှု မရရှိသော profile များတွင် အထက် ဖော်ပြပါအချက် အလက်များ ဖော်ပြခြင်း ပြုလိမ့်မည် မဟုတ်ပါ။

# ဝန်ဆောင်မှု တည်ဆောက်ခြင်း

Service အသစ် ပြုလုပ်ဖို့အတွက် welldone platform ရဲ့ user menu / my service / creative service မှာ ပြုလုပ်လို့ရပါတယ်။

Service ကို edit သို့မဟုတ် update ပြုလုပ်ချင်ရင်တော့ welldone platform ရဲ့ user menu / my service မှာ သက်ဆိုင်ရာ service ရဲ့ edit icon ကို click လုပ်ပြီး ပြုလုပ်နိုင်ပါတယ်။

အရေးကြီးဆုံးကတော့ သင့်ရဲ့ service ဟာ publish ဖြစ်နေဖို့ လိုအပ်ပါတယ်။ အလုပ်တွေ အရမ်းများနေလို့ သို့မဟုတ် အကြောင်း အမျိုးမျိုးကြောင့် service ခဏ ရပ်နားချင်တဲ့ အချိန်မှာ unpublish ပြုလုပ်ထားနိုင်ပါတယ်။ Unpublish ပြုလုပ်ခြင်းဟာ current job များကို ထိခိုက်မှုမရှိပဲ ဆက်လက်ပြုလုပ်လို့ ရနေမှာ ဖြစ်ပါတယ်။

ဒုတိယ အရေးကြီးဆုံး အချက်ကတော့ service title နဲ့ category ဖြစ်ပါတယ်။ Welldone platform နဲ့ ရင်းနှီးမှု မရှိသေးတဲ့ freelancer တွေဟာ category ကိုမှားယွင်းပြီး ရွေးချယ်တတ်ကြပါတယ်။ သင့်ရဲ့ service တွေရော သက်ဆိုင်တဲ့ category အောက်မှာ ရှိမရှိ review ပြုလုပ်ပေးဖို့ လိုအပ်ပါမယ်။ Service title ကိုလဲ သင့် service နဲ့ သက်ဆိုင်ပြီး ရှင်းလင်းဖို့ လိုအပ်ပါတယ်။ ဒါမှသာ freelancer ရှာဖွေတဲ့ client ဟာ အလွယ်တစ်ကူ သင့် service ကိုရှာဖွေ နိုင်မှာဖြစ်ပါတယ်။

Description ဆိုတာ သင့်ရဲ့ service အကြောင်းကို client သိအောင် အသေးစိတ်ရှင်းပြဖို့ ဖြစ်ပါတယ်။ ရှင်းရှင်းလင်းလင်းနဲ့ အဓိပ္ပါယ်ပေါ်အောင် ရေးနိုင်လေ သင့် service ကို ရွေးချယ်ခံရဖို့ အခွင့် အရေးများလေ ဖြစ်ပါတယ်။ မြန်မာဘာသာ စကားနဲ့ ဖြည့်သွင်းလိုတဲ့ အခါ unicode ကိုပဲ အသုံးပြုလို့ ရမှာ ဖြစ်ပါတယ်။

Briefing details မှာတော့ သင့်ရဲ့ service စတင်ဖို့ အတွက် client က သင့်ကို ဘာတွေ ပေးဖို့ လိုအပ်မလဲ ဆိုတဲ့ အချက်တွေဖြစ်ပါတယ်။ သင်သတ်မှတ်ထားတဲ့ ရက်အတွင်းမှာ service ကို အပြီးသတ်နိုင်ဖို့အတွက် client brief ကလဲ အရေးကြီးတဲ့ အချက်ထဲမှာ ပါပါတယ်။ လိုအပ်တာတွေကို ပြည့်ပြည့် စုံစုံ မဖော်ပြထားနိုင်ဘူးဆိုရင်တော့ service အချိန်မှီ ပြီးနိုင်ဖို့ သင့်အတွက်လဲ ခက်ခဲ နိုင်ပါတယ်။


Price, turnaround နဲ့ revisions တွေကိုလဲ မှန်ကန်စွာ ဖြည့်ထားပေးဖို့ လိုအပ်ပါတယ်။ Price ကတော့ ၃၀၀၀ ကျပ်မှ စပြီး သင့်စိတ်ကြိုက် သတ်မှတ်နိုင်ပါတယ်။ Turnaround ဆိုတာကတော့ သင့် service ကို ဘယ်နှစ်ရက်အတွင်း ပြုလုပ်ပေးမလဲ ဆိုတာဖြည့်သွင်းပေးဖို့ ဖြစ်ပါတယ်။ သင့်စိတ်ကြိုက်သတ်မှတ် နိုင်လို့ အမှန်တကယ် အလုပ်ပြီးမြောက်နိုင်တဲ့ နေ့ဖြည့်သွင်းပေးဖို့ လိုအပ်ပါတယ်။ Turnaround ရက်အတိုင်း အလုပ်မပြီးမြောက်ရင် rating လဲကျသွား နိုင်သလို အလွန်ဆုံးအဆင့် client က project ကို cancle သွားတဲ့ အထိဖြစ်နိုင်လို့ ဂရုစိုက်ဖို့ လိုအပ်ပါတယ်။

Revisions လဲဒီလိုပါပဲ သင်ကိုယ်တိုင် စိတ်ကြိုက်သတ်မှတ်လို့ ရတာဖြစ်တဲ့အတွက် သင်အမှန်တကယ် လုပ်ပေးနိုင်တဲ့ revision အရေအတွက်ပဲ ဖြည့်သွင်းပေးဖို့ လိုအပ်ပါတယ်။

Service photo တွေကတော့ သင့် service အတွက် cover image သို့မဟုတ် အရင်လုပ်ခဲ့ဖူးတဲ့ project တွေကို ပြသဖို့ ဖြစ်ပါတယ်။ Service photo မှာ မသက်ဆိုင်တဲ့ ဆက်သွယ်ရန် phone, email နဲ့ အခြားအကြောင်းအရာများ ဖော်ပြခြင်း မပြုလုပ်ရပါဘူး။ Terms & Conditions မှာ အသေးစိတ် ဆက်လက် လေ့လာနိုင်ပါတယ်။

ဝန်ဆောင်မှုများ အပြီးတိုင် ပါယ်ဖြတ်ခြင်းသည် Welldone team မှ လူကိုယ်တိုင် စီစစ်ခြင်း ဖြစ်သည့်အတွက် ၄၈ နာရီအတွင်း ပါယ်ဖြတ်ခြင်းကို ပြုလုပ်ပေးပါမည်။

# ဝန်ဆောင်မှု




Service photo မှာ မသက်ဆိုင်တဲ့ ဆက်သွယ်ရန် phone, email နဲ့ အခြားအကြောင်းအရာများ ဖော်ပြခြင်း မပြုလုပ်ရပါဘူး။

# အလုပ်လက်ခံရရှိခြင်း

သင့်ရဲ့ ဝန်ဆောင်မှု တစ်ခုကို အလုပ်အပ်နှံသူမှ ရွေးချယ်လိုက်ပြီ ဆိုတာနဲ့ သင့်ရဲ့ email ထဲကို အလုပ်လက်ခံ ရရှိကြောင်း အကြောင်းကြားပေးပါမယ်။ Welldone platform ရဲ့ notification မှာလဲ အကြောင်းကြားစာ လက်ခံရရှိပါမယ်။

အလုပ်လက်ခံ ရရှိတယ်ဆိုတာနဲ့ ဒီလုပ်ငန်းကို လက်ခံခြင်း ပယ်ချခြင်း သင့်မှာ ပြုလုပ်ခွင့် ရှိပါတယ်။ လက်ခံပြီးတာနဲ့ တပြိုင်နက် သင်သတ်မှတ်ထားတဲ့ ရက်အတွင်း လုပ်ငန်းကို အပြီး သတ်ပေးရမှာ ဖြစ်ပါတယ်။

လုပ်ငန်းပြီးမြောက်ကြောင်းကို အလုပ်အပ်နှံသူဘက်မှ အတည်ပြုပေးရပါမယ်။ အတည်ပြုပြီး သည်နှင့် တပြိုင်နက် သင့်ရဲ့ Welldone Credit ထဲကို ရာခိုင်နှုန်း နှုတ်ယူပြီးသား ဖြစ်သော သင့်ရဲ့ လုပ်အားခ ရောက်ရှိလာပါမယ်။

အလုပ်လက်ခံခြင်း နောက်ကျမှု ရှိပါက အလုပ်အပ်နှံသူဖက်မှ လုပ်ငန်းကို ပယ်ဖြတ်ခွင့် ရှိပါသည်။

# အလုပ်ကမ်းလှမ်းခြင်း

သင့်ရဲ့ ဝန်ဆောင်မှုကို သဘောကျလို့ အလုပ်အပ်နှံသူမှ သင့်ကို ဆက်သွယ်လာပြီ ဆိုတာနဲ့ သင့်ရဲ့ email ထဲကို အဆက်အသွယ် ရရှိကြောင်း အကြောင်းကြားပေးပါမယ်။ Welldone platform ရဲ့ notification မှာ အကြောင်းကြားစာ လက်ခံရရှိပါမယ်။

Welldone Inbox မှာ သင်နဲ့ အလုပ်အံ့နှံသူ ၂ ဦးထဲ ကမ်းလှမ်းလိုသော အလုပ်ကို အသေးစိတ်ဆွေးနွေးနိုင်ပါတယ်။ နှစ်ဦး သဘောတူညီ ရရှိပြီဆိုပါက သင့်ဖက်မှ ကမ်းလှမ်းလိုသော ဝန်ဆောင်မှုတွက် Custome Job ကို click ပြုလုပ်ပြီး တိုက်ရိုက် ပေးပို့ တည်ဆောက် နိုင်ပါတယ်။

ကမ်းလှမ်းထားတဲ့ အလုပ်လက်ခံ ရရှိတယ်ဆိုတာနဲ့ ဒီလုပ်ငန်းကို တပြိုင်နက် သင်သတ်မှတ်ထားတဲ့ ရက်အတွင်း လုပ်ငန်းကို အပြီးသတ်ပေးရမှာ ဖြစ်ပါတယ်။

လုပ်ငန်းပြီးမြောက်ကြောင်းကို အလုပ်အပ်နှံသူဖက်မှ အတည်ပြုပေးရပါမယ်။ အတည်ပြုပြီးသည်နှင့် တပြိုင်နက် သင့်ရဲ့ Welldone Credit ထဲကို ရာခိုင်နှုန်း နှုတ်ယူပြီးသား ဖြစ်သောသင့်ရဲ့ လုပ်အားခ ရောက်ရှိလာပါမယ်။

Custom job အဖြစ် ကမ်းလှမ်းထားသော ဝန်ဆောင်မှု များသည် သင်နှင့် ကမ်းလှမ်းခံရယူ နှစ်ဦးထဲသာ မြင်တွေ့ရမည် ဖြစ်သည်။

# အောင်မြင်မှု ရရှိရန်

Freelancer အဖြစ် အလုပ်လုပ်တယ်ဆိုတာဟာလည်း လုပ်ငန်း တစ်ခု ထူထောင်ထားတာနဲ့ ဆင်တူပါတယ်။ ဘယ်လုပ်ငန်းမဆို လူသိများအောင် လုပ်ဖို့ လိုအပ်ပါတယ်။ ဒီလိုပါပဲ Welldone က Freelancer တွေလည်း မှန်ကန်စွာ လူသိများအောင် လုပ်ဖို့ လိုပါတယ်။

### Profile ကို အပြည့်အစုံ ဖြည့်သွင်းထားပါ

Welldone မှာ Freelancer တစ်ယောက်အဖြစ် လုပ်ကိုင်ပြီဆိုရင်တော့ သင့်ရဲ့ Profile က အရေးကြီးပါတယ်။ အလုပ်အပ်နှံလိုတဲ့ လုပ်ငန်းရှင်တွေဟာ သင့်ရဲ့ Profile ကို အရင် လေ့လာကြပါတယ်။ Profile ကောင်းကောင်း တစ်ခုဟာ လုပ်ငန်းရှင်ဘက်က သင်နဲ့ အလုပ်တွဲလုပ်လာစေဖို့ ကောင်းကောင်း ဆွဲဆောင်နိုင်ပါတယ်။

### Service တွေမှာ ပုံကောင်းကောင်းတွေ သုံးပါ

သင့်ရဲ့ Service တွေမှာ သက်ဆိုင်ရာ ပုံတွေကို ကောင်းကောင်း အသုံးပြုပေးပါ။ Designer တို့ Developer တို့ ဖြစ်ခဲ့မယ်ဆိုရင် သင့်ရဲ့ အကောင်းဆုံး Project တွေနဲ့ နောက်ဆုံးလုပ်ထားတဲ့ Project တွေကိုပဲပြပါ။ Service တွက် Online က ပုံတွေ အသုံးပြုချင်းဟာ အလုပ်အပ်နှံလိုတဲ့ လုပ်ငန်းရှင်အတွက် သင့် Service ကို ယုံကြည်မှု လျော့သွား နိုင်ပါတယ်။

### သင့် Service ကို လူတွေသိအောင် ပြောပါ

သင့်ရဲ့ Service ကို သင့် သူငယ်ချင်းတွေ မိတ်ဆွေတွေ သိအောင် လုပ်ပါ။ သူတို့ရဲ့ အသိထဲမှာလည်း သင့် Service ကို လိုအပ်တဲ့ လူရှိရင် ပြောပေးဖို့ အကူအညီ တောင်းပါ။ သင့်ရဲ့ Social media တွေပေါ်မှာ Share ပါ။ သင့် ရဲ့ Service page မှာလဲ အလွယ်တကူ Share နိုင်ဖို့ Buttom တွေထည့် သွင်းပေးထားပါတယ်။

### ကြယ်တွေ များများ ရအောင် လုပ်ပါ။

သင့်ရဲ့ Service တွေက လက်ခံရရှိတဲ့ Project တိုင်းကို အကောင်းဆုံး ဖြစ်အောင်၊ အလုပ်အပ်နှံသူ စိတ်ကျေနပ်အောင် ပြုလုပ်ပေးပါ။ Project တစ်ခု Approved ဖြစ်တိုင်း သင့်တွက် Review ရေးပေးဖို့ Star တွေပေးဖို့ မမေ့ အောင်သတိပေးပါ။

Rating များတဲ့ Service တွေကို အလုပ်ရှင်တွေက ပိုမို ရွေးချယ် တတ်သလို Welldone က ပထမ စာမျက်နှာမှာ ဖော်ပြပေးတဲ့ အတွက် Project တွေရဖို့ ပိုမို လွယ်ကူပါတယ်။

# အကူအညီရယူရန်

Welldone platform အသုံးပြုရာတွင် အခက်အခဲ တစ်ခုခု ကြုံတွေ့၍ ဖြစ်စေ၊ အကူအညီ ရယူလို၍ ဖြစ်စေ Welldone platform သို့တိုက်ရိုက် ဆက်သွယ် မေးမြန်း နိုင်ပါတယ်။

| | |
|---|---|
| **FAQ** | https://www.welldone.asia/faq/ |
| **Live Chat** | https://m.me/welldone.im |
| **Blog** | https://www.welldone.asia/digest/ |

www.welldone.asia